**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

# ထုတ်ပြန်ကြေညာချက်

(၁/၂၀၂၃)

၁။ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့ နံနက်ပိုင်းတွင် စစ်ကောင်စီက စစ်ရေးပစ်မှတ် မဟုတ်သော စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်၊ ပဇီးကြီးကျေးရွာ၌ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခြင်း ပြုလုပ်မှုကြောင့် ကလေးငယ်များ အပါအဝင် အပြစ်မဲ့ရွာသူရွာသားများ တစ်ရာကျော် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရပြီး ပြည်သူအများအပြား ထိခိုက်ဒဏ်ရာ ရရှိကြောင်း သိရှိရပါသည်။

၂။ စစ်ကောင်စီသည် ပြည်သူလူထုများအပေါ် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခြင်း ဖြစ်သည်ဟု ရှုမြင်ပါသည်။ ဤကဲ့သို့ စစ်ကောင်စီမှ ရက်ရက်စက်စက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သေဆုံးခဲ့ရရှာသော ရွာသူရွာသားများ၏ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၃။ စစ်ကောင်စီအနေဖြင့် မိမိပြည်သူများကို အကာအကွယ်ပြုမည့်အစား၊ ရန်သူသဖွယ် အရပ်ဘက်၊ စစ်ဘက် မခွဲခြားဘဲ အကြောင်းအမျိုးမျိုးပြကာ စစ်ရေးပစ်မှတ် မဟုတ်သော ပြည်သူလူထုများ နေထိုင်သည့် ရပ်ရွာများကို လူမဆန်စွာ လေကြောင်းဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခြင်းသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသော သူရဲဘောကြောင်သည့်လုပ်ရပ် ဖြစ်သည်။ ဤကဲ့သို့သော လုပ်ရပ်ကို မိမိတို့ KIO အနေဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။

၄။ စစ်အာဏာရှင်စနစ်ဆိုးကြီးမှ လွတ်မြောက်ရန် အမှန်တရားဘက်မှ ရပ်တည်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စတေးခဲ့ရသည့် ပုဂ္ဂိုလ်များအားလုံးကို လေးစားဂုဏ်ပြုအပ်ပါသည်။

၅။ ပြည်သူလူထုများကို မတရားအနိုင်ကျင့် ခြိမ်းခြောက်ရက်စက်မှုနည်းလမ်းပေါင်းစုံ ကျင့်သုံးပြီး အုပ်ချုပ်နေသည့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်မှသာ မတရားအနိုင်ကျင့်မှု၊ ခြိမ်းခြောက်အနိုင်ကျင့်မှု စသည့်စနစ်ဆိုးမှ လွတ်မြောက်လာနိုင်မည်ဟု ယုံကြည်ပါသည်။

ဗဟိုကော်မတီ
KIO

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၅) ရက်။